dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How are Politicians helping Flood Victims?"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ "ရေဘေးဒုက္ခသည်တွေအတွက် နိုင်ငံရေးသမားတွေ ဘယ်လို ကူညီကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

တိုင်းနှင့်ပြည်နယ် ၁၄ခုရှိသည့် မြန်မာနိုင်ငံတွင် ယနေ့အခါ တိုင်းနှင့်ပြည်နယ် ၁၁ ခုတို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထံစွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အစိုးရက ဇူလိုင်လ ၃၁ ရက်နေ့စွဲဖြင့် ရခိုင်ပြည်နယ်၊ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင်တိုင်းနှင့်ပြည်နယ်အဂှမ်း ရေကြီးရေလျှံမှုကြောင့် ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၄ ရက်နေ့အထိ တစ်နိုင်ငံလုံးရှိ ရေဘေးသင့်အိမ်ထောင်စုပေါင်း ၄၅၅၀၂၊ လူဦးရေ ၂၅၉၇၉၉ ရှိပြီး သေဆုံးသူ ၆၉ ဦး သေဆုံးမှု ရှိခဲ့ကြောင်း အစိုးရက ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ သဘာဝဘေးအန္တရာယ်အကျရောက်နိုင်ဆုံး ၁၀ နိုင်ငံစာရင်း၌ ပါဝင်လျက်ရှိနေပြီး ယခုရေကြီးရေလျှံမှုသည် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း ထပ်မံဆန်းစစ်မှုတစ်ခုပင်ဖြစ်သည်။ယခုရေကြီးရေလျှံမှုများသည် သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့မှုများရှိသကဲ့သို့ အောက်ခြေအဆင့်များ တွင်လည်း စီမံမှုပေ့ါလျော့ခြင်း၊ မိမိတို့ဂုတ္တရားအလိုက် လုပ်ဆောင်မှုများ အချိန်မီဆောင်ရွက်ထားမှု မရှိခြင်းတို့နှင့် အရေးပေါ်ဖြေရှင်းရမည့်ကိစ္စရပ်များကို ချက်ချင်းလက်ငင်း ဆောင်ရွက်ရန်ပျက်ကွပ်ခြင်း တို့ကြောင့်လည်း အချို့နေရာများတွင် မဖြစ်သင့်သည်ထက်ပိုမိုဖြစ်ပွားမှုများနှင့် မဖြစ်သင့်မဖြစ်ထိုက်ဘဲ ဖြစ်ပေါ်လာခြင်းတို့လည်း ပါဝင်ခဲ့သည်။

ယင်းသို့ နိုင်ငံတွင်းနေရာဒေသအများအပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေမှုကို အကြောင်းပြ၍ နေခြင်းကြောင့် ရန်ကုန်မြို့ပေါ်ရှိ ဆင်ခြေဖုံးမြို့နယ်မှ ရပ်ကွက်အချို့တို့တွင် မိုးကြီးခြင်းကြောင့်ရေအနည်းငယ်တင်ခဲ့ခြင်းသည် ရပ်ကွက်တာဝန်ရှိသူများ၏ ပေ့ါလျော့မှုကြောင့် မြောင်းပိတ်ဆို့မှုများမှ တစ်ဆင့်ရေများပြန်မထွက်နိုင်ဘဲ မိုးဆက်ခဲ့ခြင်းကြောင့် ရေများပြားလာပြီး အိမ်အချို့တွင် နေအိမ်တွင်းသို့ရေများသင်ရောက်သည်အထိပါ ခံစားခဲ့ရသော်လည်း ရပ်ကွက်တာဝန်ရှိသူများက ၄င်းတို့တာဝန်အရဆောင်ရွက်ပေးခဲ့ခြင်းမရှိ၍ ဆောင်ရွက်ပေးရန်ပိုင်းဝန်းပြောကြားရာတွင်လည်း ဆောင်ရွက်ပေးမှု လွန်စွာမှပင် နှောင့်နှေးကြန့်ကြာခဲ့ခြင်းကြောင့် မလိုအပ်ပဲ ဒုက္ခရောက်ခဲ့ရမှုများကြုံတွေ့နေရကြောင်း လည်း ရန်ကုန်မြို့ပေါ်ရှိ ခံစားရသူများက ဆိုသည်။

ယခုလ ၅ရက်နှင့် ၆ရက်နေ့များတွင်မူ သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများအဖြစ် ကြေညာသည့်ဒေသများတွင် ပါဝင်သည့်ဒေသများထဲမှ မြို့နယ်အချို့တို့ ရေများပြန်လည်ကျဆင်းလာနေပြီဖြစ်ကြောင်း လူမှုကွန်ယက်စာမျက်နှာများပေါ်တွင် ဖော်ပြထားခဲ့သည်ကို တွေ့ရသည်။

ယခုအခါ မြန်မာနိုင်ငံနှင့်အဂှမ်းသေဒများ၌ မိုးသည်းထန်စွာရွာသွန်းမှု၊တောင်ကျရေများတိုက်စားမှုတို့ကြောင့် မီးရထားလမ်း၊ကားလမ်း၊တံတား ပျက်စီးမှုများလည်း များပြားစွာဖြစ်ပေါ်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမဖြစ်ပေါ်စေရန် အမြန်ဆုံးပြုပြင်နေသည်ဟုလည်း သိရသည်။ထို့အပြင်ဘေးဒုက္ခကြုံတွေ့နေရသူတို့ကို မူလအနေအထားသို့ အမြန်ဆုံးရောက်ရှိစေရန် အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သမ္မတက ဩဂုတ်လ ၆ရက်နေ့ ရေဒီယိုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားထားသည်။

မြန်မာနိုင်ငံ၏ ရေကြီးရေလျှံမှုများအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုများက အခရာဖြစ်ကြောင်းနှင့် သဘာဝဘေးအန္တရာယ်အတွက် ထည့်သွင်စဉ်းစားမှုအားနည်းခြင်း၊ အဆင့်လိုက်တွင်လည်း အောက်ခြေပိုင်းများမှ နားလည်သဘောပေါက်မှု အားနည်းခြင်း၊ သဘာဘေးအန္တရာယ်နှင့်ပတ်သက်၍ စီမံခန့်ခွဲမှုများ ယခုတိုင်အားနည်းလျက်ရှိနေသေးခြင်း စသည်တို့ကို ထောက်ပြထားကြမှုများ၊ အနာဂတ်သမ္မတလောင်းများ ထွက်ပေါ်ရန်ကြိုးစားနေကြသည့် မြန်မာ့ နိုင်ငံရေးပါတီကြီးများ၏ မြန်မာနိုင်ငံနှင့် သဘာဝဘေးအတွက် စီစဉ်ထားမှု၊ ဆောင်ရွက်နိုင်မှု စသည်များကို ယခုတစ်ပတ်၏  ဒီဘိတ်အစီအစဉ်တွင် ဆွေးနွေးကြမည်ဖြစ်သည်။

## သူတို့အမြင်

"မြန်မာနိုင်ငံမှာ လူပေါင်း ၂၀၀၀၀ လောက်ရေ ဘေးဒုက္ခတွေ ခံစားခဲ့ရပြီး လူပေါင်းများစွာ အသက်အိုးအိမ်တွေ ဆုံးရှုံးခဲ့ရတယ်။ မြန်မာနိုင်ငံအနေနဲ့သဘာဝဘေးအန္တရာယ်လျော့ပါးဖို့နဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက် ကြိုးစားအားထုတ်နေပေမယ့် ပြင်ပက အကူအညီတွေ လိုအပ်နေတုန်းပါပဲ" **ဘို့ဂ်ျဘရဲန်းဒ်** - နော်ဝေနိုင်ငံခြားရေးဝန်ကြီး ။

***Information links:***

[www.dvbdebate.net](http://www.dvbdebate.net)

www.Burmese.dvb.no

https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA